စံတော်ချိန်
The Standard Time Daily
www.sdtimedaily.com
www.facebook.com/standardtimedaily



# တရုတ်မော်တော်ကားတို့ ကမ္ဘာ့နေ့စဉ်ဘဝအတွင်းသို့ မောင်းဝင်လာခဲ့

ဗန်ကောက်မြို့ ကားသွားလာမှုများအကြားတွင် တရုတ်စမတ်လျှပ်စစ်ကားများသည် လူငယ်များ၏သွားလာမှုအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနေပါသည်။ ဒူဘိုင်းသဲကန္တာရအတွင်း JeTour SV သည် ရှုပ်ထွေးလှသော လမ်းအခြေအနေများတွင် အေးဆေးစွာ မောင်းနှင်နေပါသည်။ ယခုအပတ်စဉ်တွင် ကျွန်ုပ်တို့သည် တရုတ်မော်တော်ကား၏ ပင်လယ်ရပ်ခြား ခြေရာများနောက်လိုက်၍ တရုတ်မော်တော်ကား နည်းပညာ၏ နည်းပညာထိုးဖောက်မှု အဓိကလျှို့ဝှက်ချက်များကို ဖြည်ထုတ်ပြီး ဒေသတွင်းဂေဟစနစ်တွင် အမြစ်တွယ်ခဲ့သည့် အခြေခံသီအိုရီကို ရှာဖွေကာ တရုတ်မော်တော်ကားများ၏ “တွက်ခြေကိုက်ကိုယ်စားလှယ်”အဖြစ်မှ “တစ်ကမ္ဘာလုံး၏ ယုံကြည်မှု”သို့ အသွင်ပြောင်းလဲလာမှုကို မှတ်တမ်းတင်သွားပါမည်။

## ကားဘီးပေါ်မှ ပင်လယ်ဖြတ်ကျော်ပွဲတင်ထပ်မှု

ယနေ့အခါတွင် တရုတ်မော်တော်ကားသည် ပင်လယ်ရပ်ခြားပြည်သူများ၏ နေ့စဉ်ဘဝနေထိုင်မှုအတွင်း ပေါင်းစပ်ဝင်ရောက်နေပြီး ၎င်းတို့၏သွားလာမှုပုံစံ၊ အလုပ်လုပ်ကိုင်မှုပုံစံနှင့် ဘဝနေထိုင်မှု အကျင့်စရိုက်များကို ပြောင်းလဲပေးနေပါပြီ။ အထူးသဖြင့် ထိုင်း၊ အင်ဒိုနီးရှားစသည့် အရှေ့တောင်အာရှနိုင်ငံများတွင် တရုတ်မော်တော်ကား၏ပုံရိပ်များသည် မြို့ပြလမ်းများ၊ ကျေးလက်လမ်းများ၊ သယ်ယူပို့ဆောင်ရေးဇုန်များ၊ ခရီးသွားရှုခင်းသာဇုန်များ၌ ဒေသခံပြည်သူများ၏ ဘဝနေထိုင်မှုအတွင်း မရှိမဖြစ်သည့် အစိတ်အပိုင်းတစ်ခု ဖြစ်လာနေခဲ့ပါပြီ။

ဗန်ကောက်အင်တာနက်လုပ်ငန်းဆိုင်ရာဝန်ထမ်း Supachai သည် နေ့စဉ်ရုံးဆင်း ရုံးတက်ကီလိုမီတာ ၄၀ ကျော်သွားရပါသည်။ ယာဉ်ကြောပိတ်ဆို့သော လမ်းအခြေအနေနှင့် ဝေးလံသော ကားမောင်းခရီးက သူ့ကို အမြဲစိတ်ညစ်စေခဲ့ရပြီး ကုမ္ပဏီသို့ ရောက်သည့်အခါတိုင်း လွန်စွာပင်ပန်းသည်ဟု ခံစားရပါသည်။ လွန်ခဲ့သောနှစ်ဝက်က သူသည် စမတ်အကူကားမောင်းစွမ်းဆောင်ရည် ပါရှိသည့် တရုတ်လျှပ်စစ်မော်တော်ကားတစ်စီးကို ဝယ်ယူခဲ့သဖြင့် ရုံးဆင်း ရုံးတက်ခရီးမှာ လွန်စွာကောင်းမွန်လာခဲ့ပါသည်။ ဤကားသည်လည်း သူ၏ နေ့စဉ်သွားလာမှုအတွက် အဖော်ကောင်း ဖြစ်လာခဲ့ပါသည်။

“အရင်တုန်းက သမားရိုးကျဆီကားမောင်းတော့ လမ်းကို အချိန်အကြာကြီး အာရုံစိုက်ရတာ လူအင်မတန်ပင်ပန်းပါတယ်။ နည်းနည်းလောက်အာရုံလွင့်သွားရင် မတော်တဆမှုဖြစ်နိုင်ပါတယ်။ အခုတော့ စမတ်အကူကားမောင်းစွမ်းဆောင်ရည်ရှိနေတော့ ကျွန်တော့်အတွက် ရှေ့ကလမ်းအခြေအနေကို ကူညီသတိပြုပေးနိုင်ပြီး လုံခြုံတဲ့ ကားအကွာအဝေးမှာ နေနိုင်ပါတယ်။ ကားပိတ်ချိန်မှာလည်း အလိုအလျောက် ရှေ့ကားနောက်လိုက်ပြီး ကျွန်တော်လည်း နည်းနည်းသက်သာလာပါတယ်” ဟု Supachai က အသံထိန်းချုပ်စနစ်ကို ပြသရင်း ပြောပြပါသည်။ GPS ၊ သီချင်းဖွင့်ခြင်း၊ အဲကွန်းထိန်းညှိခြင်းများကို စကားဖြင့်ပင် ထိန်းချုပ်နိုင်သဖြင့် ခေါင်းငုံ့ကာ အာရုံလွှဲရန်မလိုသဖြင့် လုံခြုံပြီး အလုပ်လည်းသက်သာလာစေပါသည်။

ဒူဘိုင်း အဆောက်အအုံကန်ထရိုက်တာ Abdullah Fadawi ၏ ကားဂိုဒေါင်ထဲတွင် JeTour မော်တော်ကားသုံးစီး ရပ်ထားပါသည်။ အစောဆုံးသော X70 PLUS မှ နောက်တွင်ဝယ်ယူထားသော X90 PLUS နှင့် ၂၀၂၅ ခုနှစ်တွင် နောက်ဆုံးဝယ်ထားသည့် Zongheng G700 အထိ သုံးနှစ်တာကာလအတွင်း JeTour ကို သုံးကြိမ်ရွေးချယ်ခဲ့သဖြင့် သူသည် တရုတ်မော်တော်ကား၏ သစ္စာစောင့်သိသော ဖောက်သည်ဖြစ်လာခဲ့ပြီး မိမိ၏ မိတ်ဆွေများကိုလည်း တရုတ်မော်တော်ကားကို ဝယ်ယူရန် မကြာခဏ အားပေးခဲ့ပါသည်။

ဒူဘိုင်းသည် ရာသီဥတုဆိုးရွားပြီး နွေရာသီတွင် မြေမျက်နှာပြင်အပူချိန်သည် ၅၀ ဒီဂရီစင်တီဂရိတ်ကျော်လွန်၍ မကြာခဏဆိုသကဲ့သို့ သဲမုန်တိုင်းလည်း ရှိတတ်သဖြင့် ကား၏ စွမ်းဆောင်ရည်၊ အပူဖယ်ထုတ်ခြင်းနှင့် သဲများ၊ ဖုန်များ ကာကွယ်ခြင်း စွမ်းဆောင်ရည်များအပေါ် လိုအပ်ချက် လွန်စွာမြင့်မားပါသည်။ “ကျွန်တော်ကားရွေးတဲ့အခါ စိတ်ချရမှုကို အဓိကထားပါတယ်။ JeTour က ကျွန်တော့်ကို ဘယ်တော့မှ စိတ်မပျက်စေခဲ့ဘူး။ သူ့ရဲ့ အပူဖယ်ထုတ်မှုနဲ့ လေထုသန့်စင်မှု စွမ်းဆောင်ရည်တွေက အင်မတန်ကောင်းပါတယ်။ နွေရာသီ သဲကန္တာရထဲမှာ အချိန်အကြာကြီး ကားမောင်းရင်တောင် ကားမပျက်တတ်ဘူး။ ကားထဲက အဲကွန်းအအေးဓာတ်ကလည်း အတော်လေးကောင်းပါတယ်။” Abdullah သည် ကွန်ထရိုးစကင်ကို လက်ညှိုးထိုး၍ ပြောသည်။

## အစီးရေ ၇ ဒသမ ၀၉၈ သန်းနောက်ကွယ်မှအကြောင်း

မိနစ်တိုင်းတွင် တရုတ်မော်တော်ကား ၁၃ စီးသည် အကောက်ခွန်ရှင်းလင်း၍ ကမ္ဘာသို့ မောင်းနှင်ထွက်ခွာလျက်ရှိပါသည်။ နေ့စဉ်နေ့တိုင်းတရုတ်မော်တော်ကား အစီးရေ ၁ ဒသမ ၉ သောင်းသည် ပင်လယ်ဖြတ်ကျော်၍ ကမ္ဘာ့ဒေသအသီးသီးမှ ပြခန်းနှင့် ဖောက်သည်များလက်ထဲသို့ ရောက်ရှိနေပြီး မတူညီသောနိုင်ငံများမှ လမ်းများပေါ်တွင် ထွန်းတောက်လာလျက်ရှိနေပါသည်။ ၂၀၂၅ ခုနှစ်တွင် တရုတ်မော်တော်ကား တင်ပို့မှုပမာဏသည် ပထမဦးဆုံးအကြိမ်အဖြစ် အစီးရေ ၇ သန်း ကျော်လွန်ခဲ့ပြီး အစီးရေ ၇. ၀၉၈ သန်းအထိ ရောက်ရှိလာခဲ့ပါသည်။ စဉ်ဆက်မပြတ် တည်ငြိမ်စွာ တိုးတက်လာနေပြီး ၎င်းတို့ထဲတွင် စွမ်းအင်သစ်မော်တောကားများသည် အထူးမြင့်သာလှပါသည်။ ရောင်းအားသည် အစီးရေ ၂. ၆၁၅ သန်းအထိ ဆတိုးလာခဲ့ပြီး တင်ပို့မှုပမာဏ တိုးပွားမှု၏ အဓိကတွန်းအားဖြစ်လာစေခဲ့ပါသည်။

ဒေသတွင်း ဈေးကွက်၏ စဉ်ဆက်မပြတ် ထိုးဖောက်မှုသည် တရုတ်မော်တော်ကား တစ်ကမ္ဘာလုံးဆိုင်ရာ သက်ရောက်မှု၏ အဆက်မပြတ် တိုးမြင့်လာမှုကို သက်သေထူနေပါသည်။ အရှေ့တောင်အာရှဒေသသည် တစ်မူထူးခြားသော ပထဝီအနေအထား အားသာချက်နှင့် ဈေးကွက်အလားအလာတို့ဖြင့် တရုတ်မော်တော်ကား ပင်လယ်ရပ်ခြားရောက်ရှိမှု၏ မဟာဗျူဟာကျ အဓိကနေရာ ဖြစ်လာခဲ့ပြီး တရုတ်-လာအိုရထားလမ်း၏ အပြန်အလှန် ပေါက်ရောက်မှု အားသာချက်များ၊ RCEP အခွန်လွတ်မှုဝါဒ အကျိုးအမြတ်များဖြင့် တရုတ်မော်တော်ကားလုပ်ငန်းများသည် အလျင်အမြန် နေရာချထားမှု ပြုလုပ်ကာ ဤနေရာအား တတိယ အကြီးဆုံးသော ပင်လယ်ရပ်ခြား ကုန်ထုတ်လုပ်ရေးအခြေစိုက်စခန်းနှင့် အဓိကအရောင်းဈေးကွက်အဖြစ် တည်ဆောက်သွားရန် ပြင်ဆင်နေပါသည်။ ၎င်းတို့ထဲတွင် ထိုင်းနိုင်ငံဈေးကွက်တွင် တရုတ်နိုင်ငံ ကိုယ်ပိုင်အမှတ်တံဆိပ် စွမ်းအင်သစ်မော်တော်ကားများ အချိုးအစားသည် ၇၀% ကျော်ရှိပြီး BYD သည် အရောင်းစာရင်း ဒုတိယနေရာအထိ အောင်မြင်စွာ တက်ရောက်နိုင်ခဲ့ပါသည်။ အင်ဒိုနီးရှားဈေးကွက်တွင် Wuling Hongguang သည် တိကျသေချာသော ကုန်ပစ္စည်းရပ်တည်မှုဖြင့် စွမ်းအင်သစ် လမ်းကြောင်း၏ ၃၇% သောဈေးကွက်အချိုးအစားကို ရရှိထားပြီး ဒေသတွင်း၌ လူကြိုက်အများဆုံးသော စွမ်းအင်သစ်မော်တော်ကား အမှတ်တံဆိပ် ဖြစ်လာစေခဲ့ပါသည်။ စင်ကာပူနိုင်ငံတွင် ကားသစ် ငါးစီး ရောင်းပြီးချိန်တိုင်း တစ်စီးသည် တရုတ်နိုင်ငံမှ ဖြစ်လာပါသည်။ တရုတ်မော်တော်ကားသည် ဒေသတွင်းဈေးကွက်၏ အဓိကအင်အားတစ်ရပ် ဖြစ်လာခဲ့ပါသည်။

ဥရောပနှင့် အရှေ့အလယ်ပိုင်းဈေးကွက်တွင်လည်း နေရာများစွာတွင် အလုပ်ဖြစ်၍ စဉ်ဆက်မပြတ် ထိုးဖောက်လာနေပါသည်။ ၂၀၂၅ ခုနှစ်တွင် တရုတ်မော်တော်ကားလုပ်ငန်းများ၏ ဥရောပဈေးကွက်ရှိ ရောင်းအားသည် အစီးရေ ၈. ၁၁ သိန်းခန့်သို့ ရောက်ရှိ လာခဲ့ပြီး ယခင်ကာလတူထက် ၉၉% တိုးပွားလာခဲ့ပါသည်။ ဈေးကွက်အချိုးအစားသည် ၆. ၁% သို့ တိုးမြင့်လာခဲ့ပြီး ဆတိုး တိုးပွားမှုကို ဖြစ်လာစေခဲ့ပါသည်။ BYDသည်လည်း ဂျာမနီနိုင်ငံဈေးကွက်တွင် တည်ငြိမ်စွာ တိုးတက်လာလျက်ရှိပြီး Blade Battery ၏ ဘေးကင်းလုံခြုံမှုအားသာချက်နှင့် စမတ်ထိုင်ခုံနေရာ လက်တွေ့ခံစားမှုများဖြင့် ဒေသတွင်း ဝယ်ယူသူများ၏ လက်သင့်ခံမှုကို ရရှိထားပါသည်။ အရှေ့အလယ်ပိုင်းဈေးကွက်မှာမူ တရုတ်မော်တော်ကား ပင်လယ်ရပ်ခြားရောက်ရှိမှု၏ တိုးပွားမှုအသစ်တစ်မျိုး ဖြစ်လာခဲ့ပြီး ၂၀၂၅ ခုနှစ် ပထမနှစ်ဝက်တွင် တရုတ်မော်တော်ကား၏ အရှေ့အလယ်ပိုင်းဈေးကွက်မှ ရောင်းအားသည် ယခင်ကာလတူထက် ၄၂% တိုးပွားလာခဲ့ပါသည်။ JeTour သည် ကောင်းမွန်သော တောကြမ်းသုံးစွမ်းဆောင်ရည်နှင့် စိတ်ချရမှုတို့ဖြင့် အာရပ်စော်ဘွားနိုင်ငံများပြည်ထောင်စု၏ လွန်ခဲ့သော သုံးနှစ်အတွင်း ရောင်းအား အကောင်းဆုံးသော တောကြမ်းသုံး ကားအမှတ်တံဆိပ်ဖြစ်လာခဲ့ပြီး လစဉ်ပျမ်းမျှရောင်းအားသည် အစီးရေ ၁၀၀၀ ကျော်ခဲ့ကာ ဒေသတွင်းဝယ်ယူသူများ၏ များပြားလှသော လက်သင့်ခံမှုကို ရရှိခဲ့ပါသည်။

